**အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]**

**Women's League of Burma**

## နိုင်ငံတကာငြိမ်းချမ်းရေးနေ့ သဘောထား ထုတ်ပြန်ကြေညာချက်
## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်

ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၅၅/၂၈၂ အရ ၂၀၀၁ ခုနှစ်မှစ၍ စက်တင်ဘာလ (၂၁) ရက်နေ့ကို နိုင်ငံတကာငြိမ်းချမ်းရေးနေ့ အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့ဆိုလျှင် (၈)နှစ်မြောက် နိုင်ငံတကာငြိမ်းချမ်းရေးနေ့သို့ ရောက်ရှိလာပြီဖြစ်သည်။ ယခုအခါသမယသည် နိုင်ငံတကာအဝန်းအဝိုင်းတွင် နိုင်ငံတခုချင်းစီ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးမှတဆင့် ဒေသတွင်း လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေး ပြောဆိုဆွေးနွေးနေသည့် အချိန်ပင်ဖြစ်သည်။ ယင်းအပြင် ကမ္ဘာ့ကုလသမဂ္ဂ မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ တန်းတူညီမျှရေးတို့အတွက် ရည်မှန်းချက်နှင့်အတူ ၂၀၀၀ ခုနှစ်ကတည်းက လုပ်ကိုင် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

သို့သော် မိမိတို့ မြန်မာနိုင်ငံတွင်မူ စစ်အာဏာရှင် အဆက်ဆက်၏ နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး စသည့် နယ်ပယ် တိုင်းတွင် လွတ်လပ်မှုကင်းမဲ့ကာ ပြည်သူလူထုမှာ တနေ့ထက်တနေ့ ဆင်ရဲတွင်းနက်လာနေပေသည်။ ထို့အပြင် တိုင်းရင်းသားဒေသများတွင် ပိုမိုထိုးစစ်ဆင် တိုက်ခိုက်နေခြင်းကြောင့် မြန်မာပြည်သူထောင်ပေါင်းများစွာသည် အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်၍ ဒုက္ခသည်များ အဖြစ် ခိုလှုံနေကြရသည်။ ထိုသို့ နအဖစစ်အစိုးရ၏ အစီအစဉ်တကျ ပြုလုပ်နေသည့်လုပ်ရပ်များကြောင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကင်းမဲ့နေသည့် နိုင်ငံဖြစ်သည့်အလျှောက် ၂၀၀၀ ခုနှစ်က ချမှတ်ခဲ့သည့် ကုလသမဂ္ဂ၏ လုပ်ငန်းစီမံချက်၊ ဦးတည်ရည်မှန်းချက်များနှင့် အလှမ်းဝေးနေဆဲပင်ဖြစ်သည်။

၁၉၄၈ ခု မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်မှစ၍ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ ငြိမ်းချမ်း သာယာစွာ အတူယှဉ်တွဲနေထိုင်ရေးလမ်းကြောင်းကို အုပ်စိုးသူအဆက်ဆက်မှ မဖေါ်ဆောင်နိုင်ခဲ့သည့်အတွက် ရာစုနှစ်တဝက်ကျော် ပြည်တွင်းစစ် ဖြစ်ပွါးကာ ငြိမ်းချမ်းရေးကင်း မဲ့သည့်အဖြစ်ကို ယနေ့တိုင်ခံစားနေကြရသည်။ မြန်မာပြည်သူတို့သည် ပြည်သူလူထုတရပ်လုံး အေးချမ်း သာယာရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးတို့ အတွက် အနနည်းဖြင့် ကြိမ်ဖန်များစွာ ဆန္ဒထုတ်ဖေါ်တောင်းဆိုခဲ့ကြသော်လည်း အုပ်စိုးသူ စစ်အုပ်စု၏လူသားမဆန်သော ချေမှုန်းမှုများကိုခံကြရသည်။ ထိုသို့ ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးမတည်မငြိမ် ဖြစ်ပွါးနေမှု စသည့် ဒုက္ခဆိုးကျိုးများကို အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ဓါးစာခံအဖြစ်ခါးစည်းခံနေကြရသည်။ တဖက်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား နှစ်ရှည်ထောင်ဒါဏ် ချမှတ်ခြင်းနှင့် ပိုမိုဖိအားပေး ဖမ်းဆီးချုပ်နှောင်မှုများ ဆက်တိုက်လုပ်ဆောင်နေခြင်းကြောင့် မြန်မာနိုင်ငံ၏ အကျဉ်းထောင်အသီးသီးတွင် နိုင်ငံရေးအကျဉ်းသား နှစ်ထောင်ကျော် ယခုချိန်ထိ ဖမ်းဆီးထိမ်းသိမ်းခံနေကြရဆဲဖြစ်သည်။

ယခုအချိန်တွင် နအဖအစိုးရသည် ပြည်သူလူထုတရပ်လုံး ကြုံတွေ့ခံစားနေရသည့် အကျပ်အတည်း အခက်အခဲမျိုးစုံကို ဖြေရှင်းနိုင်မည့် နိုင်ငံရေးပြုပြင် ပြောင်းလဲမှုဖက်ကို ဦးတည်သည့် သုံးဆိုင်တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကိုဖေါ်ဆောင်ရမည့်အစား တိုင်းရင်းသားဒေသ များကို ပစ်မှတ်ထား၍ ထိုးစစ်များ ဆင်နွှဲနေလျှက်ရှိသည့်အပြင် ၎င်းအလိုကျ အကောင်အထည်ဖေါ်လုပ်ဆောင်မည့် ၂၀၁၀ ရွေးကောက်ပွဲ ကိုသာ ဦးတည်လုပ်ဆောင်နေခြင်းသည် မြန်မာနိုင်ငံ ပြည်သူတရပ်လုံး လိုလားတောင့်တနေမှုများကို မျက်ကွယ်ပြုနေကြောင်း သက်သေပြ နေခြင်းဖြစ်သည့်အပြင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်နေသည့် အခြေအနေများနှင့်ရင်ဆိုင်နေရပေသည်။ ထိုသို့အစီအစဉ် ရှိရှိပြုလုပ်နေသည့် နအဖအစိုးရ၏ လုပ်ရပ်များအားလုံးကို မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနှင့် ပြင်းထန်စွာရှုံ့ချလိုက်သည်။

နိုင်ငံတကာငြိမ်းချမ်းရေးသည် နိုင်ငံတနိုင်ငံ၏ လုံခြုံရေး၊ ငြိမ်းချမ်းရေးအပေါ်တွင် အခြေတည်သည်ဟုဆိုရပေမည်။ ထိုအခြေအနေများအောက် တွင် မြန်မာနိုင်ငံ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့အတွက် ဆောင်ရွက်နေကြသော ပြည်သူများကို နအဖစစ်အစိုးရမှ ဆက်လက်၍ ဆိုးဝါးရက်စက်စွာ အကြမ်းဖက် ဖိနှိပ်ချုပ်ချယ်နေမှုများမှ ရပ်တန့်စေရန်နှင့် နအဖအစိုးရအား လက်နက်ရောင်းချနေမှုများ အားလုံး ရပ်တန့်စေရေးအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဝိုင်းဝန်းဖိအားပေးကြပါရန် အလေးအနက် တောင်းဆိုလိုက်ပါသည်။

ထို့အပြင် လတ်တလောအခြေအနေတွင် နအဖစစ်အစိုးရသည် ၎င်းတို့စိတ်ကြိုက်ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်သူများအနေနှင့် လွတ်လပ်၍ တရားမျှတစွာ ပါဝင်နိုင်ခွင့်ရရန်ဟု နိုင်ငံတကာတွင် အသိပေးပြောဆိုကာ အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသား (၇၀၀၀) ကျော်အား လွတ်ငြိမ်းချမ်းသာ ခွင့်အနေဖြင့် လွတ်ပေးခဲ့သည်။ ယင်းတို့အထဲတွင် နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာပါဝင်သည်။ ယင်းအပြင် လွတ်ပေးခဲ့သည့် နိုင်ငံရေးအကျဉ်းသားများထဲတွင်လည်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးနှင့် ဦးမင်းကိုနိုင်တို့ ကဲ့သို့သော အဓိကကျသည့် နိုင်ငံရေးခေါင်းဆောင်များအား လွတ်ပေးခြင်းမရှိသည်ကို ကြည့်ခြင်းအားဖြင့် ဤလုပ်ရပ်သည် နအဖစစ် အစိုးရ၏ ဟန်ပြလုပ်ရပ်သာဖြစ်သည်ကို သက်သေပြနေပေသည်။

P.O Box. 413 G P O  Chiang Mai 50000 Thailand    wlb@womenofburma.org    www.womenofburma.org

နအဖစစ်အစိုးရသည် မြန်မာပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် ဖိနှိပ်အုပ်ချုပ်နေခြင်းများပြုလုပ်လျှက်ရှိပြီး ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ဦးတည်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လမ်းကြောင်းကို ရှေ့ရှုသင့်ပြီဖြစ်ကြောင်း ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် နအဖစစ်အစိုးရအား မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

## ဆက်သွယ်ရန်


| | |
|---|---|
| လွေးအေးနန်း – အထွေထွေအတွင်းရေးမှူး | +၆၆ ၈၉ ၄၃၄ ၂၈၄၁ |
| စောစံငြိမ်းသူ – တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) | +၆၆ ၈၀ ၇၉၂ ၀၄၄၅ |
| မသင်းသင်းအောင် – သဘာပတိအဖွဲ့ဝင် | +၉၁ ၉၈၉ ၁၂၅ ၂၃၁၆ |
| စောမြရာဇာလင်း – သဘာပတိအဖွဲ့ဝင် | +၈၈၀၁၇၃၂၆၄၉၀၀၇ |